**ရန်ကုန်ပညာရေးတက္ကသိုလ်**

**မဟာပညာရေးဘွဲ့(MEd)သင်တန်းဖွင့်လှစ်မည့်အစီအစဉ်ကြေညာချက်**

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့(MEd) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သင်တန်းသားဦးရေ ကန့်သတ်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု

(ခ) ပညာရေးစိတ်ပညာ

(ဂ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း

(ဃ) ကာယပညာနှင့်ကျောင်းကျန်းမာရေး

**အရည်အချင်းသတ်မှတ်ချက်-**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဂ) ကာယပညာနှင့်ကျောင်းကျန်းမာရေးဘာသာရပ် လျှောက်ထားသူများသည် ကာယပညာနှင့်ကျောင်းကျန်းမာရေးအထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး ပညာရေးတက္ကသိုလ်များတွင် ကာယပညာနှင့်ကျောင်းကျန်းမာရေးဌာနၡ နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူ(သို့မဟုတ်)ကာယပညာနှင့်ကျောင်းကျန်းမာရေးအထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး မဟာပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဃ) ပညာရေးဝန်ကြီးဌာနတွင် ဆရာ၊ ဆရာမ (သို့မဟုတ်) ဆရာ၊ ဆရာမ မဟုတ်သော်လည်း သင်ကြားရေးနှင့်သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများဖြစ်၍ (၂-၁၂-၂၀၂၅)ရက်နေ့တွင် တစ်ဆက်တည်းလုပ်သက် အနည်းဆုံး(၂)နှစ်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

(င) ရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့နှုတ်ဖြေစစ်ဆေးဖြေဆိုရမည်။

(စ) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန(ပညာရေး)ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

(ဆ) ပညာရေးတက္ကသိုလ်မှဖွင့်လှစ်သော မဟာပညာရေးဘွဲ့(အရည်အချင်းစစ်)သင်တန်းပြီးမြောက်အောင်မြင်သူဖြစ်ပါက ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

**လျှောက်လွှာပိတ်မည့်ရက်** - (၂၆-၉-၂၀၂၅)ရက် (သောကြာနေ့)

**ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်** - (၆-၁၁-၂၀၂၅)ရက် (ကြာသပတေးနေ့)
နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီ (**သက်ဆိုင်ရာအထူးပြုပညာရေးဘာသာရပ်**)
(၇-၁၁-၂၀၂၅)ရက် (သောကြာနေ့)
နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီ **(အင်္ဂလိပ်စာဘာသာရပ်)**

**လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်ရက်** - (၁၃-၁၁-၂၀၂၅)ရက် (ကြာသပတေးနေ့)

**လျှောက်လွှာလက်ခံမည့်နေရာ** - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန

**သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - (၂-၁၂-၂၀၂၅)ရက် (အင်္ဂါနေ့)

**စုံစမ်းရန်** - သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ရန်ကုန်ပညာရေးတက္ကသိုလ်

## မဟာပညာရေးဘွဲ့(အရည်အချင်းစစ်)MEd(Q)သင်တန်းဖွင့်လှစ်မည့်အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်)MEd(Q)သင်တန်းကို အောက်ဖော်ပြပါသတ်မှတ်ချက်များအတိုင်း သင်တန်းသား ဦးရေကန့်သတ်ဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသည်-

**အထူးပြုဘာသာရပ်** - (က) ပညာရေးစိတ်ပညာ
(ခ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း
(ဂ) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု
(ဃ) ကာယပညာနှင့်ကျောင်းကျန်းမာရေး

**သင်တန်းကာလ** - ပညာသင်နှစ်(၁)နှစ် သတ်မှတ်ပါသည်။

**ရန်ကုန်ပညာရေးတက္ကသိုလ် တွင်တက်ရောက်ခွင့်ရရှိသူများ** - ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီကောလိပ်များ (ရန်ကင်း၊ လှည်းကူး၊ သင်္ဃန်းကျွန်း၊ တောင်ငူ၊ ပြည်၊ ကျောက်ဖြူ၊ ဘားအံ၊ မော်လမြိုင်၊ ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ထားဝယ်)၊ အခြေခံပညာဦးစီးဌာန၊ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာ ရေးဦးစီးဌာနများတွင် တာဝန်ထမ်း ဆောင်နေပြီး သင်တန်းစတင် ဖွင့်လှစ်မည့်နေ့၌လုပ်သက်(၅)နှစ်ပြည့်သူပညာရေးဘွဲ့ရဆရာ၊ဆရာမ၊ ဝန်ထမ်းများ တက်ရောက်ခွင့်ရှိပါသည်။

**အရည်အချင်းသတ်မှတ်ချက်** - ပညာရေးဘွဲ့(BEd)ရရှိသူဖြစ်ပြီး အရည်အချင်းစစ် ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲကို အောင်မြင်သူဖြစ်ရပါမည်။

**အသက်ကန့်သတ်ချက်** - အသက်ကန့်သတ်ချက်မရှိပါ။

**လျှောက်လွှာပိတ်မည့်ရက်** - (၂၆-၉-၂၀၂၅)ရက်(သောကြာနေ့)

**ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်** - (၆-၁၁-၂၀၂၅)ရက် နံနက် ၉းဝဝနာရီ မှ ၁၁းဝဝနာရီ (သက်ဆိုင်ရာအထူးပြုပညာရေးဘာသာရပ်)

**လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်ရက်** - (၁၂-၁၁-၂၀၂၅)ရက် ဗုဒ္ဓဟူးနေ့

**လျှောက်လွှာလက်ခံမည့်နေရာ** - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန

**သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - (၂-၁၂-၂၀၂၅)ရက် (အင်္ဂါနေ့)

**စုံစမ်းရန်** - သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင် လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**